# ကဆုန်လပြည့်နေ့ ၂၀၁၉-ခုနှစ် မေလ (၁၈) ရက်နေ့

မြန်မာနိုင်ငံအနှံ့နေထိုင်ကြသော ဗုဒ္ဓဘာသာဝင် ညီအစ်ကိုမောင်နှမအပေါင်းတို့ ငြိမ်းချမ်းသာယာခြင်းသည် သင်တို့နှင့်အတူရှိပါစေ။

ဉာဏ်အလင်းနှင့်ပြည့်စုံသော ကဆုန်လပြည့်ပွဲနေ့တွင် သင်တို့၏ညီငယ်များဖြစ်သော ခရစ်ယာန်ဘာသာဝင်များသည် ဂေါတမမြတ်စွာဘုရားရှင်၏ ဖွားမြင်တော်မူခြင်း သဗ္ဗညုတဉာဏ်ရရှိခြင်းနှင့် ပရိနိဗ္ဗာန်စံတော်မူခြင်းတို့အား အမှတ်တရကျင်းပမှုကိုဝေမျှခံယူကြပါသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် အတိဒုက္ခဝေဒနာများမှ ကင်းဝေးမည့်အသိတရား၊ ချစ်ခြင်းမေတ္တာနှင့်လွတ်လပ်ခြင်းအကြောင်းတို့အား သင်ကြားတော်မူသည်။ ဤသို့သောအထင်ကရနေ့မြတ်ကြီးတွင် လေးစားမှုနှင့်ကျေးဇူးသိတတ်ခြင်းတို့ဖြင့် ကျွန်ုပ်တို့ခရစ်ယာန်ဘာသာဝင်များသည် ဗုဒ္ဓဘာသာဝင်များ၊ ဗုဒ္ဓသာသနာ့ခေါင်းဆောင်များ လူသားအကျိုးပြုခြင်းနှင့် ခေတ်အဆက်ဆက်လောကီသတ္တဝါအပေါင်းတို့အတွက် အကျိုးပြုခြင်းတို့ကို အမှတ်ရကြပါသည်။

ကုလသမဂ္ဂအသိအမှတ်ပြုကျင်းပသော ၁၆ ကြိမ်မြောက် ကဆုန်လပြည့်ပွဲနေ့နှင့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာကွန်ဖရင့်အစည်းဝေးပွဲကြီးအတွက် ညီအစ်ကိုတို့နှင့်အတူ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။ ဤနှစ် ဗုဒ္ဓသာသနာ့ကွန်ဖရင့်အစည်းအဝေးပွဲကြီးအား ၂၀၁၉ ခုနှစ် မေလ ၁၂ ရက်နေ့မှ မေလ ၁၄ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံ ဟာနမ်ပြည်နယ်တွင်ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးကြီး၏ခေါင်းစဉ်မှာ "ရေရှည်တည်တံ့သော လူ့အဖွဲ့အစည်းများအတွက် ကမ္ဘာ့ခေါင်းဆောင်မှုနှင့်မျှဝေယူကြသော တာဝန်ဝတ္တရားများ " ဟူ၍ဖြစ်ပါသည်။

ကျွန်ုပ်တို့ခေတ်အခါတွင် အကြမ်းဖက်မှုများသည် ကျွန်ုပ်တို့၏သဘာဝပတ်ဝန်းကျင်၌ လူအများစုစည်းရာနေရာများ၌ သန့်ရှင်းသောဗိမ္မာန်ဘုရားကျောင်းကန်များ၊ မိသားစုနေအိမ်များ၊ လူအများ၏နလုံးသားရပ်ဝန်း၌ ဖေါ်ပြတိုင်းတာ၍ မရနိုင်လောက်အောင် များပြားလှပါသည်။ သဟဇာတရှိခြင်း၊ ငြိမ်းချမ်းခြင်းတို့ဖြင့် အတူယှဉ်တွဲနေထိုင်နိုင်ရန်အတွက် ချစ်ခြင်းမေတ္တာနှင့် လူ့ဂုဏ်သိက္ခာအခြေခံမှုများအား ဆုပ်ကိုင်၍မြောက်မြားလှစွာသော အခက်အခဲစိန်ခေါ်မှုများအား ရင်ဆိုင်ရာ၌ အကြမ်းမဖက်လမ်းပြသော ဗုဒ္ဓလမ်းစဉ်အား ကျွန်ုပ်တို့အသိအမှတ်ပြုပါသည်။

ချစ်ခြင်းမေတ္တာ၏ ပုံသက်သေပြသူ၊ ယေဇူးခရစ်တော်၏ နောက်လိုက်တပည့်တော်များအနေနှင့် သော်လည်းကောင်း၊ ငြိမ်းချမ်းရေးသတင်းစကားပေးသော စိန်ဖရန်စစ်အစီစီ၏ ညီအစ်ကိုများအဖြစ် ကျွန်ုပ်တို့ သည်လည်း ဖေါ်ပြပါလူသားတို့၏ စံချိန်စံနှုန်း မူတန်ဖိုးများအားဆုပ်ကိုင်ပါသည်။ ပုပ်ဖရန်စစ်သည် ကျွန်ုပ်တို့အား သိမ်မွေ့နူးညံ့သောသနားကြင်နာခြင်းပြသကျင့်ကြံရန်၊ လူသားတို့၏ ဂုဏ်သိက္ခာအား အသိအမှတ်ပြုလေးစားရန် နှင့်ကျွန်ုပ်တို့၏ဘုံအိမ်တော်ဖြစ်သော သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းစောင့်ရှောက်ရန် တိုက်တွန်းအားပေး နေပါသည်။

ကျွန်ုပ်တို့၏ကမ္ဘာမြေတွင် လူအများသည် အတိဒုက္ခရောက်ခြင်း၊ လစ်လျူရှုခံရခြင်းနှင့် အကြောက်တရားအမိုက် မှောင်အောက်တွင် ရှင်သန်နေထိုင်ကြရပါသည်။ ကြာပန်းများသည် ဖုန်မှုန့်များရောဝင်နေသော ရေနောက်တွင် ရှင်သန်ဖူးပွင့်လာသကဲ့သို့ သင်တို့၏ဖရန်စစ္စကန်ညီအစ်ကိုများဖြစ်သော ကျွန်ုပ်တို့သည် သင်တို့နှင့်အတူ ပူးပေါင်း၍ ကိုယ်ခြင်းစာတရား၊ အသိပညာဉာဏ်နှင့် ချစ်ခြင်းမေတ္တာအလင်းတန်းအောက်၌ ယှဉ်တွဲရပ်တည် နေပါသည်။

ညီအစ်ကိုရင်းခြာကဲ့သို့သော ချစ်လေးမြတ်ခြင်းတရား အထွဋ်အထိပ်ထား၍ သူတို့အားငြိမ်းချမ်းခြင်းနှင့် ကောင်းချီးမင်္ဂလာပြည့်ဝပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

OFM, ခရစ်ယာန်ဂိုဏ်းပေါင်းစုံနှင့် ဘာသာပေါင်းစုံ ဆွေးနွေးအမြင်ဖလှယ်ခြင်းအဖွဲ့က ဖရန်စစ္စကန်ညီအစ်ကို အသင်းဝင်များကိုယ်စား ( OFM – Order of Friars Minor )